# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## (၄၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၇–၁၀–၂၀၁၆ ] ( သောကြာနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်မြို့နယ်၊ မိုင်းပန်–နောင်လေ–မိုင်းပုတ်– ပန်ပိလမ်း (၃၆)မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုင်းထွန်းအောင်၊ မိုင်းယောင်း မဲဆန္ဒနယ်၏ **မိုင်းယောင်း– မိုင်းယု ဒေသနေ ပြည်သူလူထုများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုလျင်မြန် ချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နမ့်လွေချောင်းကူးတံတား ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် သဃ်္ဃန်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်း မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီး–ထမံသီလမ်းနှင့် လေရှီး– ဆွမ္မရာလမ်းပေါ်ရှိ မိုင်ပေါင်း(၃၀)ခန့်အား လမ်းကြောင်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **ကျောက်တံတား မြို့နယ်အတွင်းရှိ မိလ္လာကန်များနှင့် မိလ္လာရေပိုက်များ ပြုပြင် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၄၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊

(၂) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊

(၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၅) မောက်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချို့ချို့ဝင်း ခွင့် ၁ ရက်နှင့်

(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်မြို့နယ်၊ မိုင်းပန်-နောင်လေ- မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်အား အဆင့်မြှင့် တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ မိုင်းပန်-နောင်လေ-မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်အား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပန်မြို့နယ်အတွင်း မိုင်းပန်မြို့မှ နောင်လေ-မိုင်းပုတ်-ပန်ပိကျေးရွာများသို့ သွားလမ်းအရှည် ၃၆ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ၍ မြေသားလမ်းအဖြစ် ၂၀၁၄ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံကို မိုင်းပန်မှ နောင်လေကျေးရွာအထိ ခင်းပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါ မိုင်းပုတ်-ပန်ပိကျေးရွာဒေသဟာ အိမ်ထောင်စု ၁၀၀၀ ခန့်နှင့် လူဦးရေ ၄၀၀၀ ကျော်နေထိုင်ရာဒေသလည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲတဲ့မိုင်းပန်မြို့နယ်ရဲ့ သီးခြားအဝေးဆုံးမှာ တည်ရှိတဲ့ဒေသဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး ဒေသခံပြည်သူတို့ရဲ့ဘဝ၊ လူမှုစီးပွားဘဝ အစစအရာရာဖွံ့ဖြိုးမှုနောက်ကျလျက်ရှိပါတယ်။ ယခုအခါ မိုးရာသီမှာ တောင်ပေါ်မြေသားလမ်းဖြစ်တဲ့အတွက် မိုးရွာသွန်းမှုကြောင့် လမ်းများပျက်စီးခြင်း၊ ပြိုကျခြင်း၊ တံတားများပျက်စီးခြင်းတို့ကြောင့် လမ်းများလွန်စွာပျက်စီးနေသဖြင့် သွားလာရန်အလွန်ခက်ခဲလျက်ရှိပါတယ်။ ကား၊ ဆိုင်ကယ်များ သွားလာလို့မရတော့တဲ့အတွက် ဝန်တင်လား၊ မြင်းတို့ဖြစ်သာ စားသောက်ကုန်များကို တင်ပို့ကြရပါတယ်။ ကုန်ဈေးနှုန်းကလည်း အဆမတန်ကြီးမြင့်လျက်ရှိတဲ့အတွက် ဒေသခံပြည်သူများ လွန်စွာဆင်းရဲဒုက္ခရောက်ကြရပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် မိုင်းပန်-နောင်လေ-မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်အား မြေသားလမ်းအဆင့်မှ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက

မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို ပြည်သူများသိရှိနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။လွှတ်တော်ကိုယ်စားလှယ်ရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းပန်မြို့နယ်၊ မိုင်းပန်-နောင်လေ-မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဆိုပါမိုင်းပန်-နောင်လေ-မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ် ပန်တဝ်၊ ပန်ပိ၊ နောင်လေကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံများအနေဖြင့် ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ပြီး ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးနှင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတို့အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ မြေလမ်းဖောက်လုပ်ပေးနိုင်ရေး ရန်ပုံငွေခွင့်ပြုပေးပါရန် အကြောင်းကြားခဲ့မှုအပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြေလမ်း ၁မိုင်မှာ ၁၂ သန်းနှုန်းဖြင့် ၃၆ မိုင်အတွက် ငွေကျပ် ၄၃၂ သန်းဖြင့် ဖောက်လုပ်ပေးခဲ့သော မြေလမ်း ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးသို့ ငွေအပ်လုပ်ငန်းအဖြစ် အပ်နှံဆောင်ရွက်ခဲ့ရာ အမှတ်(၉၂၁) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းလွှဲပြောင်းလက်ခံရေးဆောင်ရွက်ချိန်မှာ အဆိုပါ ၃၆ မိုင်မြေလမ်းရဲ့ လမ်းဘေးရေမြောင်းအရာပေးမှုအားနည်းခြင်း၊ Guard Post များ ကွေ့နေရာ၌မရှိခြင်းနှင့် လမ်းသားမှာ မြေသားထက်နိမ့်ကျနေခြင်းတို့ကြောင့် စအရ(၉၂၁)မှ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၎င်းလမ်းလုပ်ငန်းအား လွှဲပြောင်းလက်ခံရေးအဖွဲ့ဖြင့် စနစ်တကျလုပ်ငန်းလွှဲပြောင်းလက်ခံခဲ့သောလမ်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပန်မြို့နယ်၊ မိုင်းပန်-နောင်လေ-မိုင်းပုတ်-ပန်ပိလမ်း ၃၆ မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမြေလမ်းအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ကျောက်ခင်းလမ်း ငါးမိုင်ကိုဆောင်ရွက်ပေးရန် လျာထားပါရှိပါတယ်။ ကျန်ရှိတဲ့ ၃၁ မိုင်ကျောက်ခင်းခြင်းအတွက် နှစ်အလိုက်အစီအမံဖြင့် ရန်ပုံငွေ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ရန်ပုံငွေခွင့်ပြုပါက ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းယောင်း-မိုင်းယုဒေသနေ ပြည်သူလူထုများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေး၊ ကုန်စည် စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် နမ့်လွေချောင်းကူးတံတား ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအောင်(မိုင်းယောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှ မိုင်းယု(မြောက်)နှင့် အထူး ဒေသ(၄) ကျိုင်းရန်းရွာကိုဆက်သွယ်ထားတဲ့ နမ့်လွေချောင်းကူးတံတားကို အထူးဒေသ(၄)အနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဒေသ၊ တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့နှစ်ဦး သဘောတူညီချက်ဖြင့် ၂-၁-၂၀၁၄ ရက်နေ့မှစတင်တည်ဆောက်ပြီး ၂၉-၄-၂၀၁၄ ရက်နေ့မှာ ပြီးစီး ခဲ့ပါတယ်။ တံတားအမျိုးအစားမှာ RCသံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အရှည်ပေ ၃၀၀ ခန့်ရှိမည် ဟု ခန့်မှန်းကုန်ကျငွေစုစုပေါင်း ကျပ် ၃၆၈၀.၂ သန်းဖြစ်ပြီး နတလတိုင်းက ပေးချေရန်ရှိသော ငွေကျန်သန်းပေါင်း ၁၅၈၀ သန်းကို ပေးချေပြီးဟု စုံစမ်းသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားတည်ဆောက်မှုပြီးစီးခဲ့သည်မှာ တစ်နှစ်ကျော်နှစ်နှစ်နီးပါးရှိသော် လည်း ယနေ့တိုင်အောင် တံတားကိုတရားဝင်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။ ဖွင့်လှစ်နိုင်ခြင်းမရှိဖြစ်ရတဲ့

အကြောင်းတွေထဲက ပြီးခဲ့တဲ့တစ်ဖက်ကမ်း ချဉ်းကပ်လမ်းအရှည် ၂၀၀ ပေခန့် ဆောင်ရွက်ရန်ကျန်ရှိနေခြင်းဖြစ်ပါတယ်။ ဒီတံတားဟာ မိုင်းယောင်း-မိုင်းယုဒေသမှ ပြည်သူလူထုများ နေ့စဉ်နှင့်အမျှ မပြတ်ဖြတ်သန်းသွားလာနေရတဲ့ တံတားဖြစ်ပါတယ်။ ချဉ်းကပ်လမ်းဆောက်ရန်တည်ရှိနေပေမဲ့ တံတားထိပ်မှ ပေ ၅၀ ခန့် မြေဖို့ပြီးဖြတ်သန်းနေကြပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့ တံတားကြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိုင်းယောင်း-မိုင်းယုနေ ပြည်သူလူထုများ ခရီးသွားလာရေး လွယ်ကူချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုချောမွေ့စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ရန်ကျန်ရှိသည့်အပိုင်းဖြစ်တဲ့ ချဉ်းကပ်လမ်းကို အပြီးသတ်ဆောင်ရွက်ပြီး တံတားကြီး ဖွင့်လှစ်ပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မိုင်းယောင်း-မိုင်းယုဒေသနေ ပြည်သူလူထုများခရီးသွားလာရေး လွယ်ကူချောမွေ့ စေရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ရန်ကျန်ရှိနေသော ချဉ်းကပ်လမ်းကို အပြီးသတ်ဆောင်ရွက်ပြီးလျှင် မိုင်းယုမြို့ပေါ်ရှိ နမ့်လွေချောင်းကူး တံတား ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ အဆိုပါ နမ့်လွေချောင်းကူး မိုင်းယု-ကျိုင်းရဲတံတားဟာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ အထူးဒေသ(၄)နယ်မြေ၊ နမ့်ပန်းဒေသနှင့် မိုင်းယုမြို့သို့ ဆက်သွယ်ထားသော ပေ ၆၆၀ ရှည်လျားတဲ့ တံတား ဖြစ်ပါတယ်။

အထူးဒေသ(၄)အဖွဲ့မှ လျာထားစီစဉ်ဆောင်ရွက်ခဲ့ရာမှာ တည်ဆောက်ရန် ရန်ပုံငွေ လုံလောက်မှုမရှိခဲ့သဖြင့် ယခင်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးတို့ရဲ့ ၄-၁၀-၂၀၁၃ ရက်နေ့မှ ၆-၁၀-၂၀၁၃ ရက်နေ့အတွင်း ပန်ဆန်း-မိုင်းလား ခရီးစဉ်တွင် တိုင်းရင်းသားခေါင်းဆောင်များရဲ့ တင်ပြချက်အပေါ် နိုင်ငံတော်သမ္မတရုံးကနေပြီးတော့ မိုင်းယု-ကျိုင်းရဲတံတားတည်ဆောက်ခြင်းလုပ်ငန်းရဲ့ ကုန်ကျငွေ ကျပ်သန်း ၃၁၆၀ အနက် ကုန်ကျငွေရဲ့ တစ်ဝက်အားဒေသမှ စိုက်ထုတ်၍ ကျန်တစ်ဝက်အားဝန်ကြီးဌာန ဘတ်ဂျက်မှ ကျခံသုံးစွဲရန်ဟု ညွှန်ကြားချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှငွေကျပ်

၁၅၈၀ သန်းခွင့်ပြုခဲ့ပါတယ်။ မိုင်းလားအထူးဒေသ(၄)တိုင်းရင်းသားအဖွဲ့အစည်းမှ တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ တံတားတည်ဆောက်ခြင်းလုပ်ငန်းမှာ ၂၉-၉-၂၀၁၄ ရက်နေ့တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးကြောင်း ဒေသမှတင်ပြထားပြီးလည်း ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ပါ တံတားချဉ်းကပ်လမ်း ၂၀၀ ပေရဲ့ လက်ရှိမြေပြင်အခြေအနေမှာ မြေဖို့ခြင်းလုပ်ငန်းပြီးစီး၍ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ကျန်ရှိနေသေးကြောင်း သိရှိရပါတယ်။ ၎င်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်တဲ့ အထူးဒေသ(၄)မိုင်းလားအဖွဲ့မှ ဆက်လက်တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တံတားဖွင့်ပွဲကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းတွေပြီးစီးပြီဆိုပါက ပြည်နယ်အစိုးရအဖွဲ့မှ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံ မြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ပြည်သူလူထုသွားလာရေးလွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်၊ မရှိပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို ရှင်းလင်းတိကျစွာဖြေဆိုပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၈-၁၁-၁၉၈၉ ရက်စွဲပါအမိန့်ပြန်တမ်းနှင့် ဖွဲ့စည်းခဲ့ပါသည်။ ၄-၁၁-၁၉၉၀ တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ဟူ၍ ခွဲခြားသတ်မှတ်ခဲ့ပါတယ်။ စတင်ဖွဲ့စည်းစဉ်ကဆိုရင် အခုနှစ်ပေါင်း ၃၀ နီးပါးခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။

အကျယ်အဝန်းအားဖြင့် တောင်မှမြောက် ၁၂ မိုင်၊ အရှေ့မှအနောက် သုံးမိုင် စုစုပေါင်း စတုရန်းမိုင် ၃၀.၅၄၅ မိုင်ရှိပြီး လူဦးရေ ၃၇၃၇၃၈ ဦးရှိပြီးတော့ ရပ်ကွက်ပေါင်း ၃၂ ရပ်ကွက် ရှိပါတယ်။ သယ်ယူပို့ဆောင်ရေးအနေဖြင့် မြို့နယ်အတွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်ဘတ်စ်ကားယာဉ်လိုင်းခြောက်လိုင်းမှ ယာဉ်အစီးရေ ၄၈၁ စီး၊ ကုန်တင်ယာဉ် ၄၇၂ စီး၊ လူစီးယာဉ် ၅၅၂ စီး၊ အခြား ၅၅ စီးဖြင့် နေ့စဉ်ဝင်ထွက်သွားလာနေသော မြို့လည်းဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနစာရင်းအရ သိရပါတယ်။ ထို့အပြင် စက်မှုဇုန် (၁)၊ စက်မှုဇုန် (၂)၊ စက်မှုဇုန် (၃)၊ (၁၄၄) ရပ်ကွက် စက်မှုဇုန် စသည်ဖြင့် စက်မှုဇုန်လေးရုံမှ စက်ရုံအလုပ်ရုံပေါင်း ၁၃၆၈ ခုလုပ်ကိုင်လျက်ရှိရာ ၎င်းစက်မှုလက်မှု လုပ်ငန်းများသို့ သွားလာနေသောယာဉ်များ၊ စီးပွားရေးတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်နှင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန လိုင်စင်ရုံးများသို့ သွားလာနေသောယာဉ်များလည်း ရှိပါတယ်။ ၎င်းယာဉ်များအားလုံးဟာ မြို့သစ် ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စတင်တည်စဉ်ကတည်းကပင် ယခုအချိန်အထိ ငမိုးရိပ်ချောင်းမြစ်ကူးတံတားတစ်စင်းတည်း ကိုသာ အသုံးပြုသွားလာ နေကြရပါတယ်။ ၎င်းမြစ်ကူးတံတားဟာ ကျွန်တော်တို့ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ဝင်ထွက်သွားလာနေတဲ့ယာဉ်များသာမက ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ လှည်းကူး၊ ပဲခူးသို့ အမှတ်(၂)ကားလမ်းမကြီးအတိုင်း ဝင်ထွက်သွားလာသော ယာဉ်များပါ အသုံးပြုလျက်ရှိသဖြင့် လမ်းပိတ်ဆို့မှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်နေပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၉-၁၉၉၀ ခုနှစ်မှာ တစ်နေ့တည်း၊ တစ်ပြိုင်တည်း တည်ဆောက်ခဲ့တဲ့ မြို့နှစ်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ပါ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ လမ်းတွေ၊ လျှပ်စစ်မီးတွေ၊ မြစ်ကူးတံတားလေးစင်း၊ စီမံကိန်းတွေ ပုံအောချထားပေးပြီးတော့ ကျွန်တော်တို့ တောင်ပိုင်းမှာတော့ ဘာမှသိပ်မယ်မယ်ရရမလုပ်ပေးတာကို လူတိုင်းလည်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အများပြည်သူသွားလာရေးလွယ်ကူစေရန်အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရပ်ချောင်းမြစ်ကူးတံတားတစ်စင်းတည်ဆောက်ပေးပါရန် တောင်းဆိုအပ်ပါတယ်။ သုဝဏ္ဏဘက်ကမ်းမှာရော၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ဘက်မှာရော တံတားတည်ဆောက်ဖို့မြေနေရာ ချန်ထားခဲ့ပြီးရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်ကာလ၌ တည်ဆောက်ပေးမည်ဆိုသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်မှ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာ ပြည်သူလူထုသွားလာရေးလွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှုအတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အတွက်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြုပြီးတော့ မြေပုံနဲ့ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှာဆိုရင် ပြည်သူလူထုသွားလာရေးလွယ်ကူစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်း မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန်နှင့် ပတ်သက်ပြီးတော့ ငမိုးရိပ်ချောင်းပေါ်မှာ ပုဇွန်တောင်မြို့နယ်နဲ့ ဒေါပုံမြို့နယ်တို့အထိ ဆက်သွယ်ထားတဲ့ မဟာဗန္ဓုလတံတား အရှည် ၃၆၄၃ ပေ၊ မင်္ဂလာတောင်ညွန့်မြို့နယ်နဲ့ ဒေါပုံမြို့နယ်တို့ဆက်သွယ်ထားတဲ့ သာကေတတံတားအသစ် စည်ပင်မှတည်ဆောက်ခြင်းဖြစ်ပါတယ်။ မင်္ဂလာတောင်ညွန့်မြို့နယ်နဲ့ ဒေါပုံမြို့နယ်တို့ဆက် သွယ်ထားတဲ့ သာကေတတံတားအဟောင်း စည်ပင်မှဆောက်ထားခြင်းဖြစ်ပါတယ်။ မင်္ဂလာတောင်ညွန့်မြို့နယ်နဲ့ ဒေါပုံမြို့နယ်တို့ဆက်သွယ်ထားတဲ့ သာကေတတံတားအရှည်ပေ ၉၉၃ ပေ၊ သဃ်န်းကျွန်းမြို့နယ်နဲ့ သာကေတမြို့နယ်တို့ဆက်သွယ်ထားတဲ့ သုဝဏ္ဏတံတားအရှည် မီတာ ၃၀၀၊ သဃ်န်းကျွန်းမြို့နယ်နဲ့ သာကေတမြို့နယ်တို့ဆက်သွယ်ထားတဲ့ သုဝဏ္ဏတံတား အမှတ်(၂)အရှည် ၃၆၀ မီတာ၊ သဃ်န်းကျွန်းမြို့နယ်နဲ့ သာကေတမြို့နယ်တို့ဆက်သွယ်ထားတဲ့ ကမာကြည်တံတား အရှည် ၂၉၅.၉၅ မီတာ၊ သဃ်န်းကျွန်းမြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း)မြို့နယ်တို့ ဆက်သွယ်ထားတဲ့ ငမိုးရိပ်တံတား သဃ်န်းကျွန်းအရှည် ၂၁၃.၃၅ မီတာ၊ တောင်ဥက္ကလာပမြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း)မြို့နယ်တို့

ဆက်သွယ်ထားတဲ့ ပါရမီတံတား အရှည် ၁၈၂.၈၇ မီတာ၊ တောင်ဥက္ကလာပမြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း) မြို့နယ်တို့ဆက်သွယ်ထားတဲ့ ပါရမီတံတား အမှတ်(၂) အရှည် ၁၈၂.၈၇ မီတာ၊ မြောက်ဥက္ကလာပ မြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း)မြို့နယ်တို့ ဆက်သွယ်ထားတဲ့ ငမိုးရိပ်တံတား(ဗိုလ်ဗထူး) စည်ပင်ကတည် ဆောက်ခြင်းဖြစ်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း)မြို့နယ်တို့ဆက်သွယ်ထားတဲ့ ဒဂုံမြို့သစ်တံတား အရှည် ၁၈၂.၈၇ မီတာ၊ မြောက်ဥက္ကလာပမြို့နယ်နဲ့ ဒဂုံ(မြောက်ပိုင်း)မြို့နယ်တို့ ဆက်သွယ်ထားတဲ့ ဒဂုံမြို့သစ် လူကူးကြိုးတံတား အရှည် ၁၂၈ မီတာ၊ မြောက်ဥက္ကလာပမြို့နယ်နဲ့ ဒဂုံ (မြောက်ပိုင်း)မြို့နယ်တို့ဆက်သွယ်ထားတဲ့ ငမိုးရိပ်တံတား(သုနန္ဒာ)အရှည် ၂၁၆ မီတာ၊ ရွှေပေါက်ကံ မြို့သစ်နဲ့ ဒဂုံ(အရှေ့)မြို့နယ်တို့ ဆက်သွယ်ထားတဲ့ ရွှေပေါက်ကံတံတား အရှည် ၂၄၂ မီတာနဲ့ လှည်းကူးမြို့နယ်နဲ့ ဒဂုံ(အရှေ့)မြို့နယ်တို့ ဆက်သွယ်ထားတဲ့ ငမိုးရိပ်တံတား(ဒဂုံအရှေ့မြို့နယ်) စုစုပေါင်း တံတားကြီး ၁၆ စင်းဆောင်ရွက်ပြီး၍ မင်္ဂလာတောင်ညွန့်မြို့နယ်နဲ့ ဒဂုံမြို့နယ်တို့ ဆက်သွယ် ထားတဲ့ သာကေတတံတားအသစ် အရှည် ၂၅၃ မီတာအား ဂျပန်နိုင်ငံမှ JICA ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ယခုဆောင်ရွက်ပေးရန်တင်ပြထားသော ဒဂုံမြို့သစ်(တောင်ပိုင်း)နဲ့ သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ)သို့ ငမိုးရိပ်ချောင်းကူးတံတားတစ်စင်းတည်ဆောက်နိုင်ရန်အတွက် သင်္ဘောများသွားလာ သည့်ချောင်းဖြစ်တဲ့အတွက် ရေလမ်းကင်းလွတ်အမြင့်နဲ့ အကျယ်တို့ကိုလည်းကောင်း၊ တံတား၏ ချဉ်းကပ်လမ်းတည်ဆောက်နိုင်မည့်နေရာနှင့် တံတားပေါ်သို့ဝင်ရောက်နိုင်မည့် ချဉ်းကပ်လမ်းအခြေ အနေတို့ကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နဲ့ သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)ဘက်ကမ်းတို့မှာ ဆိုရင် တံတားကိုဆက်သွယ်လာမည့် အဓိကလမ်းမကြီးများကို ချိတ်ဆက်နိုင်မည့် လမ်းကွန်ယက်တို့ကို လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးတော့ ကွင်းဆင်းလေ့လာပြီးတဲ့အခါမှာ ဖြစ်နိုင်စွမ်းရှိတဲ့နေရာကို ရွေးချယ်ပြီးတော့ ပြန်လည်တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါ တယ်ခင်ဗျား။

**မူကြမ်း**

**လေရှီး-ထမံသီလမ်းနှင့် လေရှီး-ဆွမ္မရာလမ်းပေါ်ရှိ မိုင်ပေါင်း ၃၀ ခန့်အား လမ်းကြောင်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ငွေး(လေရှီးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ လေရှီး-ထမံသီလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂၄ မိုင် ၆ ဖာလုံ)မှ (၃၁ မိုင်)ကြား၊ (၃၅ မိုင် ၂ ဖာလုံ)မှ (၃၇ မိုင် ၅ ဖာလုံ)ကြား၊ လေရှီး-ဆွမ္မရာလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂ မိုင် ၄ ဖာလုံ)မှ (၅ မိုင် ၄ ဖာလုံ)ကြား၊ (၁၁ မိုင် ၃ ဖာလုံ)မှ (၁၇ မိုင် ၆ ဖာလုံ)ကြား၊ (၃၀ မိုင် ၄ ဖာလုံ)မှ (၃၇ မိုင် ၄ ဖာလုံ)ကြား စုစုပေါင်းမိုင် ၃၀ ခန့်အား လမ်းကြောင်းအသစ် လွှဲပြောင်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လေရှီးမြို့နယ်မှာ ပြည်မနဲ့ ဆက်သွယ်တဲ့လမ်းကြောင်းတစ်ခုတည်းပဲရှိပါတယ်။ လေရှီး-ထမံသီလမ်းပိုင်းဟာ ယခင် မဆလခေတ်ကတည်းက ဖောက်လုပ်ခဲ့တဲ့လမ်းဖြစ်ပြီးတော့ ၄၁ မိုင်ရှိပါတယ်။ လေရှီး-ထမံသီ လမ်းပိုင်းဟာ ဖောက်လုပ်ခဲ့တာဆိုရင် အခုဆိုရင် နှစ်ပေါင်း ၅၀ ကျော်နေပါပြီ။ သို့သော်လည်း ယနေ့အထိ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်မလာသေးပါဘူး။ အတက်အဆင်း၊ အကွေ့အကောက်တွေ များလွန်းတဲ့အတွက်ကြောင့် မိုးရေတိုက်စားခြင်းကြောင့် နှစ်စဉ်ပြင်ဆင်စရိတ် အကုန်အကျများနေတာတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒေသခံတွေက လမ်းအူကြောင်းအသစ် ရှာဖွေပြီးတော့မှ အမြဲတင်ပြခဲ့သော်လည်း ယခင်အဆက်ဆက် ဆောက်လုပ်ရေးဌာနကနေပြီးတော့ လမ်းကြောင်းအသစ် ဖောက်လုပ်ဖို့ စိတ်မဝင်စားခဲ့ကြပါဘူး။ လမ်းကြောင်းကောင်းသွားရင် ပြင်ဆင်စရိတ်ရမှာမဟုတ်ဘူး။ လမ်းကြောင်းမကောင်းတော့ ယာယီသစ်သားတံတားတစ်စင်းတည်းကို မိုးရေထဲသုံးခါပါသွားလို့ ပြင်ဆင်စရိတ်သုံးချိန် ခွင့်ပြုမှာပဲဆိုတဲ့သဘောပဲရှိခဲ့ပြီးတော့ လမ်းကြောင်း ကောင်းဖို့ထက် ပြင်ဆင်စရိတ်မကြာခဏရဖို့က ပိုအလေးပေးခဲ့တာတွေကြောင့် ကောင်းမွန်တဲ့ လမ်းကြောင်းကို မဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လေရှီး-ထမံသီလမ်းပိုင်းဟာ ကုန်ကျတဲ့ စရိတ်ဟာဆိုလို့ရှိရင်တော့ စဖောက်တဲ့အချိန်ကနေစပြီးတော့ ယနေ့အချိန်အထိ ပေါင်းကြည့်မယ် ဆိုရင် ငါးထောင်တန်ငွေစက္ကူ ခင်းရင်တောင် လေရှီးမြို့ကိုကျော်လောက်ပြီလို့ ဒေသခံလူကြီးတွေက ပြောကြပါတယ်။

**မူကြမ်း**

နောက်တစ်ခုက လေရှိုး-ဆွမ္မရာလမ်းပိုင်းဖြစ်ပါတယ်။ အဲဒီလမ်းကိုတော့ နအဖခေတ်မှာ စစ်ဆင်ရေးလမ်းကြောင်း ရိက္ခာသယ်ဖို့အတွက် အဓိကရည်ရွယ်ပြီးတော့ ဖောက်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ ဒေသခံတွေက လမ်းအူကြောင်းအမြဲတမ်းရှာပေးခဲ့ပေမယ့် ဖောက်လုပ်ခွင့်မရခဲ့ပါဘူး။ ယနေ့ ဘယ်ကို ရောက်အောင်၊ ဘယ်ရွာရောက်အောင်သွားရမယ်ဆိုတဲ့ အမိန့်အတိုင်း ဖောက်ခဲ့တဲ့အတွက် ကောင်းမွန်တဲ့လမ်းကြောင်းဖြစ်မလာခဲ့ပါဘူး။ ဒါကြောင့် ကြမ်းတမ်းတဲ့ တောင်တက်တောင်ဆင်းတွေ၊ တံတောင်ဆစ်ကွေ့တွေနဲ့ များလွန်းတဲ့အတွက်ကြောင့်မို့လို့ အင်မတန်မှ အန္တရာယ်များပြီးတော့ မကြာခဏဆိုသလို မတော်တဆမှုတွေလည်း ဖြစ်နေတာကို တွေ့ရှိရပါတယ်။ တချို့နေရာမှာဆိုရင် 125 Kenbo ဆိုင်ကယ်တောင်မှ တွန်းတင်ရတဲ့အဆင့်အထိ ကြမ်းတမ်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါက လေရှိုး-ထမံသီလမ်းကြား က ၂၄ မိုင် ၆ ဖာလုံကနေပြီးတော့ ဆုံကင်းကျေးရွာ ၃၁ မိုင်အထိ လမ်းလွှဲရမယ့်နေရာဖြစ်ပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် အင်္ဂလိပ်ခေတ်မှာ အင်္ဂလိပ်လမ်းကြောင်းလမ်းဟောင်းအတိုင်း လျာထားတာ ဖြစ်ပါတယ်။ ဒီအဝါနဲ့ပြထားတဲ့ မျဉ်းဟာဆိုလို့ရှိရင် လမ်းကြောင်းအသစ်ဖောက်ဖို့ လျာထားတဲ့ နေရာဖြစ်ပါတယ်။ ဒီနေရာဖောက်မယ်ဆိုလို့ရှိရင်တော့ စက်ဘီးတောင် နင်းလို့ရပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ဝန်ထမ်းလုပ်ခဲ့စဉ်ကာလမှာ ဒီလမ်းကြောင်းကို ခဏခဏသွားခဲ့ဖူးပါတယ်။ ဒါကြောင့် ဒီနေရာကို လွှဲဖို့လျာထားတာဖြစ်ပါတယ်။ ဒါက လေရှိုးရောက်ခါနီးမှာ ၃၅ မိုင် ၂ ဖာလုံ ကနေပြီးတော့ ၃၇ မိုင်ကြား လမ်းဖြစ်ပါတယ်။ ဒီဟာက ကျွန်တော်တို့ တောင်တစ်တောင်လုံးကို၊ ကျောက်တောင် တစ်ခုလုံးကို ပတ်ထားတာဖြစ်ပါတယ်။ ဒီနေရာဟာ တော်တော်လေးအကွေ့အကောက်တွေ၊ အတက်အဆင်းတွေ တော်တော်လေးကြမ်းပါတယ်။ နောက် အခု ကျွန်တော်တို့ လျာထားတဲ့ လမ်းကတော့ ဒီဒေသခံမှုဆိုးတွေကနေပြီးတော့ ရှာထားပြီးတော့ ဒီလမ်းကြောင်းကို ဒီနေရာမှာ ဖောက်လုပ်ရတဲ့အနေအထားမျိုးမှာ ကွင်းဆင်းလေ့လာထားပြီးသားဖြစ်တဲ့နေရာ လျာထားတာဖြစ်ပါတယ်။ ဒီနေရာကတော့ လေရှိုး-ဆမ္မရာလမ်းပိုင်းဖြစ်ပါတယ်။ လေရှိုးကနေပြီးတော့မှ ၂ မိုင် ၄ ဖာလုံက နေပြီးတော့ ၅ မိုင် ၄ ဖာလုံအတွင်းမှာ ဒီနေရာမှာကြည့်မယ်ဆိုလို့ရှိရင် ဒီမြေပုံအနေအထားအရတော့ လမ်းကြောင်းကပြေပြစ်တယ်လို့မြင်ပေမယ့်လို့ တော်တော်လေးအတက်အဆင်းတွေ ကြမ်းပါတယ်။ ဒါ မလွှဲလို့မဖြစ်တဲ့ အနေအထားမျိုးမှာ မိုးတွင်းဆိုလို့ရှိရင်တော့ သွားလာလို့မရပါဘူး။ ဒီနေရာလည်း ထိုနည်းလည်းကောင်းပဲ လေရှိုး-ဆွမ္မရာလမ်းပိုင်းဖြစ်ပါတယ်။ ၁၁ မိုင် ၃ ဖာလုံကနေပြီးတော့ ၁၇ မိုင် ၆ ဖာလုံကြား။ ဒီကြားထဲမှာ ချောင်းအကြီးကြီးရှိပါတယ်။ နောက် ဂူဂီးရွာမတောင်တက်ရှိပါတယ်။

ဒီဂူဂီးတောင်အတက်ဟာဆိုလို့ရှိရင် တော်တော်လေးကြမ်းပါတယ်။ ဒီလည်း ပန်ဆပ်ကနေ လရှန်ကြားဖြစ်ပါတယ်။ Power Point ပြန်ရုပ်သိမ်းလို့ရပါပြီ။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီဟာ မလွှဲလို့မဖြစ်တဲ့အနေအထားမျိုးမှာ အကြမ်းတမ်းဆုံးတဲ့နေရာပဲ ရွေးချယ်ထားတာဖြစ်ပါတယ်။ ဒါ ကျွန်တော့်အနေနဲ့ အဲဒါကြောင့်မို့လို့ ဒီလမ်းဟာဆိုလို့ရှိရင် ဆိုးရွားလွန်းတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးမှ မေးမြန်းထားသော စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ် လေရှီး-ထမံသီလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂၄/၆) မှ (၃၁/၀) ကြား ၇ မိုင်ခန့်နှင့် (၃၅/၂)မှ (၃၇/၅) ကြား ၃ မိုင်ခန့်၊ လေရှီး-ဆွမ္မရာလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂/၄) မှ (၅/၄)ကြား ၃ မိုင်ခန့်၊ မိုင်တိုင်အမှတ်(၁၁/၃)မှ (၁၇/၃)အထိ ၉ မိုင်ခန့်နှင့် (၃၀/၄)မှ (၃၇/၄)အထိ ၈ မိုင်ခန့် စုစုပေါင်းမိုင် ၃၀ ခန့်အား လမ်းကြောင်းအသစ်လွှဲပြောင်းဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ထမံသီ-လေရှီးလမ်း မိုင်တိုင် (၀/၀) မှ (၄၁/၀) အထိ ၄၁ မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းအပိုင်း ၃၉ မိုင် ၆ ဖာလုံကတော့ ယခင်က နယ်စပ်ရေးရာဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီးတော့ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူဖောက်လုပ်ခဲ့ပြီး ၂၂-၃-၂၀၁၆ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းလက်ခံခဲ့ပါတယ်။ အဲဒီထမံသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း ၈၀ မိုင် ၆ ဖာလုံအဖြစ် တစ်ဆက်တစ်စပ်တည်း ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း ၁ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၃၉ မိုင် ၅ ဖာလုံနဲ့ ကျောက်လမ်း ၃၉ မိုင် ၆ ဖာလုံ စုစုပေါင်း ၈၀ မိုင် ၆ ဖာလုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ လမ်းပိုင်းများအပါအဝင် ကျန်လိုအပ်သောလမ်းပိုင်းများအား Gradient နိမ့်ချရန်နဲ့ လမ်းအူကြောင်းပြောင်းလဲဖောက်လုပ်ရန် အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ လမ်းတိုင်းတာရေးအဖွဲ့များနှင့်အတူ ကိုယ်စားလှယ်တော်ကြီးများနှင့် ဒေသခံများလိုက်ပါပြီးတော့ မြေပြင်မှာသွားရောက်ပြီးတော့ ကွင်းဆင်း စစ်ဆေးတိုင်းတာဆောင်ရွက်စေပြီး လိုအပ်လျက်ရှိတဲ့နေရာများကို ပြန်လည်စိစစ်ဆောင်ရွက်ပေးသွား မှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ကျောက်တံတားမြို့နယ်အတွင်းရှိ မိလ္လာကန်များနှင့်မိလ္လာရေပိုက်များ ပြုပြင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြသော ဧည့်သည်တော် အပေါင်းကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပြုပါ။ ဒါကတော့ အနော်ရထာလမ်းမနှင့် ၃၄ လမ်း၊ ၃၅ လမ်းထိပ်မှာ အရင်ခေတ်ကပေါ့။ မိလ္လာ System ကို စနစ်တကျလုပ်ခဲ့တယ်။ ပြီးတော့ မြို့ထဲ (Down Town) (၆)မြို့နယ်ရှိတဲ့ အညစ်အကြေးတွေကို ဗိုလ်မြတ်ထွန်းလမ်းက ကန်ကြီးကိုပို့ပြီးတော့ အနည်ထိုင်ပြီးတော့ အညစ်အကြေးတွေကို ရန်ကုန်မြစ်ထဲ၊ နောက်ပြီးတော့ လူထု မရှိတဲ့နေရာဘက်ကို စီးဆင်းစေပါတယ်။ အခုတော့ ဒီဗိုလ်မြတ်ထွန်းလမ်းက ကန်ကြီးကိုမြေဖို့ပြီးတော့ ကွန်ဒိုတွေဆောက် လိုက်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအကျိုးဆက်တွေက ကျွန်တော်တို့ မြို့ထဲ ကျောက်တံတားမြို့နယ် အပါအဝင်၊ Down Town မှာ ဒီအကျိုးဆက်တွေကို ခံစားရပါတယ်။ ဒါကတော့ ကျောက်တံတား မြို့နယ်မှာ မိလ္လာကန်တွေက ထွက်တဲ့အညစ်အကြေးတွေဖြစ်ပါတယ်။ ၃၅ လမ်းအထက်နှင့် မဟာဗန္ဓုလပန်းခြံအထက်၊ နောက်ဖေးလမ်းကြားမြောင်းတွေပေါ့နော်။ ကျွန်တော်တို့ အနီးစပ်ဆုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးရဲ့ရုံးရှေ့တွေမှာ ဖြစ်ပေါ်နေတာပါ။ ဒါကတော့ မိလ္လာကန်တွေကို မစုပ်တဲ့အတွက် မိလ္လာကန်တွေကအရည်တွေဟာ အကုန်လုံးရေမြောင်းတွေထဲ အကုန်စီးဆင်းကုန်ပါ

တယ်။ ဒါကတော့ ရေမြောင်းထဲမှာ မိလ္လာတွေစီးဆင်းနေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကျောင်းနောက်မှာ ကလေးသူငယ်တွေဟာ ကျောင်းတွေမှာ ဒီစာသင်နေတဲ့အချိန်မှာ မိလ္လာအနံ့တွေ ရတယ်။ မိလ္လာကန်တွေက အနံ့ဆိုးတွေထွက်တဲ့အတွက် ကျောင်းသူကျောင်းသားတွေကလည်း မသက် မသာခံစားရပါတယ်။ ဒါကတော့ မိလ္လာတွေမစုပ်တဲ့အတွက် မိလ္လာရည်တွေထွက်တယ်။ မိလ္လာရည်တွေ ပေါက်တယ်။ ပြီးတော့ မိလ္လာရည်တွေဟာ မြောင်းတွေထဲစီးတယ်ဆိုတဲ့ အဖုံးတွေကလည်းမရှိဘူး ဆိုတာ မြို့ထဲမှာဖြစ်ပျက်နေတဲ့၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော် တို့ ကားလမ်းမတွေပေါ် စီးဆင်းနေပါတယ်။ ကမ်းနားလမ်းနှင့် ၃၉ လမ်းအထက်၊ Australia Embassy နဲ့ Strand ဟိုတယ်နားကပေါ့ သံရုံးနားမှာ ဖြစ်ပေါ်နေတဲ့ လမ်းမကြီးပေါ်မှာ မိလ္လာရည် တွေစီးဆင်းနေတဲ့ပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်တဲ့အတိုင်းပဲခင်ဗျား။ နေအိမ်အချို့က စွန့်လွှတ်လိုက်တဲ့ မိလ္လာပိုက်တွေ ဟာ မြောင်းထဲကို စီးပြီးတော့ တောက်လျှောက်မြို့ထဲမှာ အနံ့အသက်တွေခံစားနေရပါတယ်။ Power Point ပိတ်လို့ရပါပြီခင်ဗျား။ ကျွန်တော်တို့ကျောက်တံတားမြို့နယ်ဟာ Down Town က အလွန် တန်ဖိုးရှိသော ရှေးဟောင်းအဆောက်အဦတွေရှိပါတယ်။ မဟာဗန္ဓုလကျောက်တိုင်ကြီးရှိပါတယ်။ နိုင်ငံခြားသားတွေက ရှေးဟောင်းအမွေအနှစ်တွေကို လာလေ့လာရင်းနဲ့ နိုင်ငံခြားသားတွေအနေနဲ့ အများဆုံးလာရောက် လည်ပတ်တဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့မြို့ထဲမှာ ဒီလိုမျိုးအခြေ အနေမျိုးတွေမရှိသင့်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားသားတွေ လာရောက်လေ့လာတဲ့အခါ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေရဲ့ ဂုဏ်အဆင့်အတန်းဟာလည်း အညစ်အကြေးသန့်ရှင်းရေးနှင့် လည်း အများကြီးဆိုင်ပါတယ်။ နိုင်ငံတကာ ဥပမာ စင်ကာပူနိုင်ငံတို့၊ ဘာတို့ တိုးတက်တဲ့နိုင်ငံတွေမှာ ဆိုလည်း ကျွန်တော်တို့မြို့ပြ နိုင်ငံခြားသားလာရောက်တဲ့နေရာတွေကို စနစ်တကျနဲ့ သန့်သန့်ရှင်းရှင်း နဲ့ ကျွန်တော်တို့ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တံတားပြည်သူများကိုယ်စား ကျွန်တော်မေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရန်ကုန် တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်း၌ အညစ်အကြေးထည့်မိလ္လာကန်၊ မိလ္လာရေပိုက်များမှ အညစ်အကြေး၊ ရေဆိုးရေမြောင်းများမှ မြောင်းအတွင်းစီးဆင်းနေတဲ့အတွက် ကျန်းမာရေးအရ ထိခိုက်မှုရှိပြီး အနံ့အသက်များလည်း ဆိုးရွားစွာခံစားနေရပါသဖြင့် ကျောက်တံတား မြို့နယ်အတွင်းရှိ မိလ္လာကန်များနှင့် မိလ္လာရေပိုက်များကို ပြုပြင်ရန် အစီအစဉ်ရှိ/မရှိဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျောက်တံတားပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်း မိလ္လာကန်များနှင့် မိလ္လာ ရေပိုက်များမှ အညစ်အကြေး၊ ရေဆိုးများသည် ရေမြောင်းအတွင်းသို့စီးဝင်နေသဖြင့် ကျန်းမာရေး အရ ထိခိုက်များရှိပြီး အနံ့အသက်များလည်း ဆိုးရွားစွာခံစားနေရပါသဖြင့် ကျောက်တံတားမြို့နယ် အတွင်းရှိ မိလ္လာကန်များနှင့် မိလ္လာရေပိုက်များ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်း တဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့ Down Town ချောင်းမြို့နယ်ရှိ မိလ္လာစွန့်ပစ် စနစ်မှာ ၁၈၈၈ ခုနှစ်ကစတင်ခဲ့ပြီးတော့ မိလ္လာပြွန်စနစ်တွင် မြေဆွဲအားသုံးမိလ္လာပိုက်များ၊ လေဖိအား သုံးမိလ္လာပြွန်မကြီး၊ မိလ္လာတွန်းစက်အိုး ၃၅ လုံးနှင့် လေမှုတ်စက်ရုံနှစ်ရုံအသုံးပြုပြီးတော့ ရေဆိုးသန့်စင် စက်ရုံတွင်သန့်စင်ပြီးရေကြည်အား မြစ်အတွင်းစွန့်ပစ်ရသောစနစ်ဖြစ်ပါတယ်။ မိလ္လာပြွန်စနစ်မှာ မူလကလူဦးရေ ၄၀၀၀၀ အတွက် ရည်ရွယ်တည်ဆောက်ခဲ့သော်လည်း လက်ရှိမြို့နယ်တွင် Down Town မြို့နယ်များ၌ အထပ်မြင့်အဆောက်အဦများ တိုးပွားလာခြင်းနှင့်အတူ နေထိုင်သူလူဦးရေ များပြားလာပြီးတော့ မိလ္လာစွန့်ပစ်မှုပိုမိုများပြားလာခြင်း၊ နောက်ဖေးလမ်းကြားတွင် အမှိုက်များစွန့်ပစ် မှုကြောင့် မိလ္လာလူဝင်ကျင်းများအတွင်း အမှိုက်များဝင်ရောက်ပိတ်ဆို့ခြင်း၊ လျှံကျခြင်းများ ဖြစ်ပေါ် လျက်ရှိပါတယ်။ နှစ်ပေါင်း ၁၂၈ နှစ်ကြာမြင့်ပြီဖြစ်ပြီးတော့ မိလ္လာလူဝင်ကျင်းများ နိမ့်ဆင်းခြင်းနှင့် အုတ်နံရံများပြိုကျလေ့ရှိခြင်းတို့အား ပြုပြင်ခြင်း၊ လမ်းမပေါ်တွင် လမ်းသွယ်များရှိ လူဝင်ကျင်း Frame နှင့် အဖုံးများ လဲလှယ်ခြင်း၊ နောက်ဖေးလမ်းကြား ၆ လက်မ CI မိလ္လာလိုင်းများနှင့် မိလ္လာလူဝင် ကျင်းများအား လူအားဖြင့်ရှင်းလင်း အနည်ဆယ်ခြင်း၊ နောက်ဖေးလမ်းကြားလူဝင်ကျင်းများအား အမြင့် ၁ ပေ ၆ လက်မအထိ ပြုပြင်မြှင့်တင်ခြင်းနှင့် မိလ္လာတွန်းဆက်အိုးများ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်း စသည့်လုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကိုယ်ပိုင်အဆောက်အဦများရှိ မိလ္လာပိုက်များပေါက်ခြင်းနှင့် မိလ္လာလက်ခံကန်များ ပြည့်လျှံခြင်းဖြစ်ပေါ်

ပါက သက်ဆိုင်ရာအဆောက်အဦနေထိုင်သူများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်၍ စစ်ဆေးပြီး အကြောင်းကြားခြင်း၊ ပြုပြင်စေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ တိုးတက်လာသောလူဦးရေနှင့်အညီ ၂၀၄၀ ခုနှစ်အထိ တိုးတက်လာမယ့် လူဦးရေလျာထားပြီးတော့ JICA နှင့်ပူးပေါင်းကာ ရေဆိုးသန့်စင်စက်ရုံနှင့် ရေဆိုးသွယ်ပိုက်များ ဇုန်အလိုက်ဆောင်ရွက်နိုင်ရန် Master Plan ရေးဆွဲထားရှိပြီး ဖြစ်ပါတယ်။ ရန်ကုန်မြို့အတွက် ဇုန် ၁၃ ဇုန်လျာထားကာ ခြောက်ဇုန်အား ၂၀၄၀ ခုနှစ်တွင် ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါတယ်။ ၎င်းအပြင် မြို့တွင်း/မြို့နယ်များအတွက် လိုအပ်သောရေဆိုးသယ်ပိုက်များ လမ်းမကြီးနှင့်နောက်ဖေးလမ်းများအတွက် အသစ်ချထားဆောင်ရွက်ခြင်း၊ ရေဆိုးသန့်စင်စက်ရုံတိုးချဲ့ဆောင်ရွက်ခြင်းတို့အား ပထမဦးစားပေးဆောင်ရွက်ရန် လျာထားပါတယ်။ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားမှပညာရှင်များ၊ အဖွဲ့အစည်းများနှင့်ငွေကြေးအကူအညီရရှိရေး၊ နည်းပညာအကူအညီရရှိရေး ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ အဲဒီလို မဆောင်ရွက်နိုင်သေးမီကာလအတွင်း လက်ရှိစနစ်ဟောင်းအား အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်ပေးသွားလျက်ရှိပါတယ်။ Down Town ခြောက်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားပေါင်း ၁၇၅ လမ်း၊ မိလ္လာတွန်းစက် ၃၅ လုံး၊ မိလ္လာကန် ၂၁၁၄ လုံးနှင့် မိလ္လာပိုက်လိုင်းအရှည် ၁၅၇၀၀၀ ရှိရာ နှစ်စဉ်နှစ်တိုင်း လူအားဖြင့်လမ်းရှင်း၊ အနည်ဆယ်ခြင်းလုပ်ငန်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီးတော့ ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ငါးနှစ်တာဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် နောက်လေးလမ်းကြား ၁၁၀ ခု၌ မိလ္လာပြွန်ပေရှည် ၁၂၆၂၇၀ ပေ နှင့်မိလ္လာကန် ၈၉၇ လုံးအား လူအားဖြင့် လမ်းရှင်း၊ အနည်ဆယ်ခြင်းလုပ်ငန်းကိုဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိသုံးစွဲလျက်ရှိသော မိလ္လာပြွန်စနစ်တွင် မိလ္လာတွန်းစက်များ၏ စက်အစိတ်အပိုင်းအချို့အား ပြည်တွင်းပစ္စည်းများဖြင့် လဲလှယ်ထိန်းသိမ်းခြင်းကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ၎င်းအပြင် မိလ္လာတွန်းစက်ကျင်းတစ်ခုရှိ မိလ္လာတွန်းစက်အိုးနှစ်လုံးအနက်တစ်လုံးကို မူလစက်မှုစနစ်မှလျှပ်စစ်စနစ်သို့ ပြောင်းလဲတပ်ဆင်ပေးခြင်းကို စုစုပေါင်း ၁၃ လုံးဆောင်ရွက်နိုင်ခဲ့၍ မိလ္လာတွန်းစက်များ အလှည့်ကျအသုံးပြုနိုင်ခဲ့ပါတယ်။ လေဖိအားတွန်းတဲ့စနစ်ဖြစ်၍ လေဖိအားမရရှိသော မိလ္လာတွန်းစက်များနေရာမှာ မိလ္လာတွန်းစက်များမောင်းနှင်ရန် Air Compressor Station ရှစ်ခု တည်ဆောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ရာ

စနစ်ဟောင်း စက်မှုစနစ်နှင့်စနစ်သစ် လျှပ်စစ်စနစ်ပူးတွဲဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တံတားမြို့နယ်အတွင်း စုစုပေါင်းနောက်ဖေး လမ်းကြား ၄၇ ခု၊ မိလ္လာကန် ၂၁၉ ကန်၊ မိလ္လာလိုင်းပေရှည် ၂၉၈၀၀ ခန့်ရှိရာ နှစ်စဉ်နှစ်တိုင်း လူအားဖြင့် လိုင်းရှင်း၊ အနည်ဆယ်ခြင်းလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာငွေရရှိမှုပေါ်မူတည်ပြီးတော့ ဦးစားပေးအဆင့်အလိုက်ဆောင်ရွက်လျက် ရှိပါတယ်။ လက်ရှိ တွင်လည်း ဆောင်ရွက်ပြီးလုပ်ငန်းများအနက်မှ ထပ်မံပျက်စီးမှုများရှိလာပါက ထပ်မံပြုပြင် ဆောင်ရွက်ပေးလျက်ရှိပြီး ကျောက်တံတားမြို့နယ်အတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို လိုအပ်သည့်နေရာများတွင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုအခါ လူအားဖြင့် လိုင်းရှင်း၊ အနည်ဆယ်ခြင်းလုပ်ငန်းများအပြင် ဂျပန်နိုင်ငံ၊ အိုဆာကာမှလှူဒါန်းသော ခေတ်မီစက်များ Air Pressure၊ Washing Machine ဖြင့် မိလ္လာပိုက်ရှင်းလင်းခြင်း Instruction Camera CCTV တို့ဖြင့် ပိုက်လိုင်းစစ်ဆေးခြင်းတို့ကို အခါအားလျော်စွာ ပူးတွဲဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရန်ကုန်မြို့ Down Town ခြောက်မြို့နယ်အတွင်း ရေဆိုးသယ်ပိုက်များ၊ လမ်းမကြီးနှင့်နောက်ဖေး လမ်းကြားများ အသစ်ဆောင်ရွက်နိုင်ရေးနှင့် ရေဆိုးသန့်စင်စက်ရုံတိုးချဲ့တည်ဆောက်နိုင်ရေးအတွက် အသေးစိတ်လေ့လာစမ်းစစ်နိုင်ရန် ဂျပန်နိုင်ငံ၊ ဆူမီတိုမိုကုမ္ပဏီနှင့် MOU လက်မှတ်ရေးထိုးရေး ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်၊ ပြည်သူ့ လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးဟာ ဒီနေ့ပြီးဆုံးမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးကို ၂၅-၇- ၂၀၁၆ ရက်နေ့က စတင်ကျင်းပခဲ့တာ ဒီနေ့ဆိုရင် (၄၇)ရက်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီအစည်းအဝေး ကာလအတွင်းမှာ ကြယ်ပွင့်ပြမေးခွန်း ၂၂၅ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၄၀၇ ခု မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆိုများအနေနဲ့ အရေးကြီးအဆိုနှစ်ခု အပါအဝင်

အဆိုစုစုပေါင်း ၁၆ ခု တင်သွင်းဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုအဆို လေးခု၊ မှတ်တမ်းတင်အဆို ကိုးခု၊ အတည်မပြုအဆိုနှစ်ခုနှင့် ဆွေးနွေးရန်မသင့်အဆိုတစ်ခုတို့ ဖြစ်ကြပါတယ်။ ဥပဒေကြမ်းများအနေနဲ့ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းငါးခုအပါအဝင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၁၉ ခုရှိပြီး အတည်ပြုဆောင်ရွက်နိုင်ခဲ့တဲ့ ဥပဒေကြမ်း ၁၀ ခု ဖြစ်ပါတယ်။ ဆက်လက်ဆွေးနွေးရန် ဥပဒေကြမ်း ကိုးခု ကျန်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတင်ခဲ့တဲ့ ၁-၂-၂၀၁၆ ရက်နေ့မှ ယနေ့ကာလအထိ လွှတ်တော်ကော်မတီအသီးသီးရဲ့လှုပ်ရှားဆောင်ရွက်ခဲ့မှုများကိုလည်း ရှင်းလင်းတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားရှိတဲ့ ကော်မတီ ၁၉ ခုရဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များနဲ့ပတ်သက်ပြီး လွှတ်တော်တွင်းတွေ့ဆုံဆွေးနွေးခဲ့မှုအနေနဲ့ ပြည်တွင်းဧည့်သည်ဦးရေ ၂၇၄၀ ဦး၊ ပြည်ပဧည့်သည်ဦးရေ ၃၂၇ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း ၁၂၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော်ပြင်ပ တွေ့ဆုံဆွေးနွေးနိုင်ခဲ့မှုအနေနဲ့ ပြည်တွင်းဧည့်သည်ဦးရေ ၁၈၀၇၁ ဦး၊ ပြည်ပဧည့်သည်ဦးရေ ၁၈၂၈ ဦးတို့ဖြင့် တွေ့ဆုံမှုပေါင်း ၂၀၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လေ့လာရေးခရီးအပါအဝင် ပြည်ပသို့သွားရောက်တွေ့ဆုံဆွေးနွေးနိုင်မှုအနေနဲ့ ၂၀ ကြိမ်ရှိခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၅၄ ဦးနဲ့ ပြည်ပဧည့်သည် ၉၁၆ ဦးတို့ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးရပ်နားထားစဉ်ကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့မဲဆန္ဒနယ်မြေတွေကို ပြန်လည်ရောက်ရှိတဲ့အခါမှာ ဒီမိုကရေစီကျင့်စဉ်များနဲ့အညီ လုပ်ကိုင်ဆောင်ရွက်ကြပါ။ ကိုယ်စားလှယ်များရဲ့တာဝန်က ဘာတွေလဲ၊ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ အခန်းကဏ္ဍက ဘာတွေလဲဆိုတာကို ခြေခြေမြစ်မြစ် သိရှိနေကြဖို့ လိုအပ်ပါတယ်။ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်စေရဆိုတဲ့ ဥပဒေရဲ့ ဆိုရိုးစကားနှင့်အညီ တည်ဆဲ ဥပဒေများကို အထူးလေးစားလိုက်နာကြဖို့ လိုအပ်ပါတယ်။ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်အနေနဲ့ Check and Balance ပြုလုပ်တဲ့နေရာမှာ ကန့်သတ်ချက်ဘောင်များကို ကျော်လွန်ပြီး အုပ်ချုပ်ရေးကဏ္ဍတွေ၊ တရားစီရင်ရေးကဏ္ဍတွေမှာ ဝင်ရောက်စွက်ဖက်ခြင်းတွေ မဖြစ်ရအောင် သတိပြုဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ (၃)ရပ်ဖြစ်တဲ့ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို ခွဲဝေပိုင်းခြားကျင့်သုံး

ခြင်းပဲ ဖြစ်ပါတယ်။ ဒီလို ခွဲဝေပိုင်းခြားကျင့်သုံးခြင်းဖြင့် အာဏာအလွဲသုံးစားလုပ်ခြင်းကို ကာကွယ်ပြီး ဒီမိုကရေစီယဉ်ကျေးမှု (Democratic Culture)ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အခြေခံမူများမှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အချုပ်အခြာအာဏာရဲ့မူလပိုင်ရှင်များဖြစ်တဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့အကျိုးစီးပွားနဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ဖို့ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များမှာ အဓိကတာဝန်ရှိကြပါတယ်။ မိမိတို့မဲဆန္ဒနယ်မြေက ပြည်သူလူထုရဲ့ အသံကို အမြဲနားစွင့်နေကြဖို့နဲ့ ပြည်သူတွေရဲ့လိုအပ်ချက်တွေ၊ ဆန္ဒသဘောထားတွေက ဘာလဲ၊ မိမိတို့ကရော ပြည်သူလူထုကို ဘယ်လိုဖြည့်ဆည်းပေးနိုင်ရမလဲစသည်ဖြင့် လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်ရဲ့တာဝန်ဝတ္တရားတွေကို အပြည့်အဝထမ်းဆောင်ကြဖို့နဲ့ ပြည်သူကို ကိုယ်စားပြုတဲ့ကိုယ်စားလှယ်များဖြစ်ကြောင်း သက်သေပြကြဖို့ အလေးအနက်မှာကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲဆန္ဒရှင် ပြည်သူလူထုထံ ပြန်လည်ရောက်ရှိကြတဲ့အခါမှာ ပြည်သူ့အသံနဲ့ ပြည်သူတွေရဲ့တင်ပြချက်တွေကို အလေးအနက်ထားမှတ်သားနာထောင်ကြပါ။ ပြည်သူနဲ့တစ်သားတည်း နေထိုင်ဆောင်ရွက်ကြပါ။ လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းများကို ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်ကြပါ။ ပြည်ထောင်စု၏ ထောက်ပံ့ငွေသိန်း ၁၀၀၀ ဖြင့် မြို့နယ် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြီးစီးအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြပါ။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရာတွင်လည်း ပြည်သူများ နစ်နာမှု မရှိစေရေး အတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြပါ။ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလ အတွင်း မှာ ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးကြပါ။ ဆက်လက်ကျင်းပမယ့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာလည်း ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆုံတွေ့ ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ အစည်းအဝေးပြီးဆုံးကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၁၀း၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**